အစဉ်တွင်ဖော်ပြထားသည့် လိုက်နာမှတ်များ၊ Parameterများ၊ စောင့်ကြပ်ကြည့်ရှုမည့်နေရာများနှင့်အကြိမ်အရေအတွက်အတိုင်း စောင့်ကြပ်ကြည့်ရှုရန်၊

(၈) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများစောင့်ကြပ်ကြည့်ရှုခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း(၁၁)၊ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်တွင် ဖော်ပြထားသည့် လိုက်နာမှတ်များ၊ Parameterများ၊ စောင့်ကြပ်ကြည့်ရှုမည့်နေရာများနှင့်အကြိမ်အရေအတွက်အတိုင်း စောင့်ကြပ်ကြည့်ရှုရန်၊

(၉) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ အခန်း(၁၁)၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ် ဇယားတွင် ဖော်ပြထားသည့်အတိုင်း ဂေဟစနစ်နှင့်လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုရန်။

(ဘ) စောင့်ကြပ်ကြည့်ရှုမည့် နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့်မှတ်တမ်းတင်ခြင်း ၊ အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့(၆)လတစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ(၁၀)ရက်အတွင်း ထုတ်ဖော် ကြေညာရန်၊

(မ) မိုင်းပိတ်သိမ်းခြင်း လုပ်ငန်းများကို(EMP)တွင် ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လုပ်ငန်းစတင် ဆောင်ရွက်စဉ်ကပင်ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆(ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပိတ်သိမ်းရန်စီစဉ်ထားသည့်အချိန်မတိုင်မီ(၁)နှစ်ထက်နောက်မကျစေဘဲအပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(ယ) သတ္တုတွင်းပိတ်သိမ်းခြင်းကို သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ (၁၈၅၊ ၁၈၆၊ ၁၉၂) နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် သတ္တုတွင်းပိတ်သိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ထားရန်၊

(ရ) အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP)ကို အများပြည်သူ ဖတ်ရှု/သိရှိနိုင်ရေး ကုမ္ပဏီ Website/ သင့်တော်သည့် နည်းလမ်း) တို့တွင် လွှင့်တင်ထားရှိရန်၊

(လ) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှုသို့မဟုတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ